**ကေအဲန်ယူ-ကရင် အမျိုးသား အစည်းအရုံး**

**ဗဟို ဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

ယနေ့ **သလေ** လဆန်း (၁) ရက်နေ့သည် ကရင့် အမျိုးသားလုံးဆိုင်ရာ ၂၇၆၂ ခုနှစ်၊ **ကရင့် နှစ်သစ်ကူးနေ့** ဖြစ်ပါသည်။ ယနေ့ မိမိတို့ ကရင့် အမျိုးသားလုံးဆိုင်ရာ **ကရင့် နှစ်သစ်ကူး နေ့၊** နှစ်သစ် မင်္ဂလာအခါသမယတွင် မိမိတို့ ကရင်အမျိုးသားမျာ အပြင် ပြည်သူလူထုအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ရန်သူမျိုးအပေါင်းနှင့် ဖိနှိပ်အုပ်ချုပ်မှု အမျိုးမျိုးမှ ကင်းဝေးနိုင်ကြပါ စေကြောင်း ဆုတောင်းမေတ္တာပို့ အပ်ပါသည်။

**ကရင်အမျိုးသား အပေါင်းတို့**

မိမိတို့ ကရင်အမျိုးသားများသည်  လူမျိုးတစ်မျိုး၏ ဂုဏ်အင်္ဂါလက္ခဏာရပ်ဖြစ်သည့် သမိုင်း၊ စာပေ၊ စကား အပြင် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် ပြီးပြည့်စုံသည့် လူမျိုးတမျိုး ဖြစ်ပါသည်။ မိမိတို့၏ သမိုင်းနှင့် ယနေ့ မိမိတို့ နေထိုင်လျှက်ရှိသော နိုင်ငံတွင် မိမိတို့ ကရင့် အမျိုးသားများ၏ ရှင်ဘုရင်၊ ကရင့် အမျိုးသားများ၏ နယ်မြေဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်မှု စနစ်များ ရှေးအရင်တည်းက ရှိနှင့်ပြီး ဖြစ်ပါသည်။ သို့ရာတွင်၊ ဖိနှိပ် အုပ်ချုပ်မှု အမျိုးမျိုးအပြင် မြေယာပိုင်ဆိုင်မှုများ၊ အုပ်ချုပ်မှု နယ်မြေ လုယက်မှုများ၊ အာဏာလုယက် အုပ်ချုပ်မှုများနှင့် နိုင်ထက်စီနင်းမှု အမျိုးမျိုးကြောင့် မိမိတို့ ကရင်အမျိုးသား များသည် တနေရာမှ တနေရာသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြရပြီး မိမိတို့၏ နေရပ်ဒေသနှင့် နယ်မြေများ ဆုံးရှုံးခဲ့ကြရပါသည်။ မိမိတို့ ကရင်အမျိုးသားများသည် ပြည်တွင်းနှင့် အချို့မှာ ထိုင်းနိုင်ငံတွင် နေထိုင်နေကြပါသည်။ အမျိုးမျိုးသော ဖိနှိပ်အုပ်ချုပ်မှုများကြောင့် တနေရာမှ တနေရာသို့ ပြောင်းရွှေ့ နေထိုင်နေကြရပြီး အချို့မှာ နိုင်ငံရပ်ခြားဒေသများသို့ပင် ပြောင်းရွှေ့နေထိုင် နေကြရပါသည်။

**ကရင်အမျိုးသား အပေါင်းတို့**

မိမိတို့ ကရင့်အမျိုးသားများ၏ အမျိုးသားလုံးဆိုင်ရာ နှစ်သစ်အခါသမယ ကျင်းပခြင်းဖြင့် ယခုလက်ရှိနိုင်ငံတွင် မိမိတို့ ကရင်အမျိုးသားများက အစောဆုံး ဂင်ရောက် နေထိုင်သူများဖြစ်သည်ကို သတိရကြပါ။ မိမိတို့၏ ဘိုးဘွားပိုင်မြေ၊ မိမိတို့ပိုင်ဆိုင်သော မြေနှင့် မိမိတို့ပိုင်ဆိုင်သော နိုင်ငံဖြစ်သောကြောင့် မိမိတို့၏ နယ်မြေနှင့် မိမိတို့၏ နိုင်ငံ လွတ်လပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်

ထိမ်းသိမ်းစောင့်ရှောက်ကြရပါမည်။ မည်သည့်နိုင်ငံနှင့် မည်သည့်နေရပ်ဒေသတွင် ရောက်ရှိစေကာမူ မိမိတို့၏ ဘိုးဘွား အမွေအနှစ်များနှင့် သမိုင်းဝင် ပိုင်ဆိုင်မှုများအား ပြန်လည်ရယူ ထိမ်းသိမ်းစောင့်ရှောက်ကြပြီး မိမိတို့ အမျိုးသားများ၏ ဂုဏ်အင်္ဂါလက္ခဏာရပ်များ၊ သမိုင်း၊ စာပေ၊ စကား နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ပြန်လည်မြှင့်တင်ကြပါ။

ထိုကဲ့သို့ မိမိတို့ အမျိုးသားများ၏ ဂုဏ်အင်္ဂါလက္ခဏာရပ်များ၊ သမိုင်း၊ စာပေ၊ စကားနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ပြန်လည်မြှင့်တင်ခြင်းအား မိမိတို့ ကရင့်အမျိုးသားတိုင်းက လုပ်ဆောင်နိုင်ပြီး ထိုကဲ့သို့ လုပ်ဆောင်ရန်လည်း တာဝန်ရှိပါသည်။ မည်သည့် နေရာဒေသတွင် အခြေချနေထိုင်စေကာမူ မိမိတို့၏ တတ်သိပညာနှင့် မိမိတို့တွင် ရှိသည့် အချိန်အတိုင်းအတာအရ မိမိတို့ အမျိုးသားများ၏ ရိုးရာ၊ ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုများကို မြှင့်တင်နိုင်ပါသည်။ နေရာဒေသ အသီးသီးတွင် ရောက်ရှိနေကြသည့် မိမိတို့ ကရင့်အမျိုးသားများ၊ ကရင့်အမျိုးသား အဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် လက်နက်ကိုင် ခုခံတော်လှန်နေကြသည့် အဖွဲ့အစည်းအားလုံး စည်းစည်းလုံးလုံးဖြင့် ကြိုးပမ်းအား ထုတ်ကြရပါမည်။ မိမိတို့ အမျိုးသားများ၏ တခုတည်းသော အလံတော် အောက်တွင် ရည်မှန်းချက် တခုတည်းဖြင့် တစ်စုတစ်စည်းတည်း ကြိုးပမ်းအားထုတ်ကြရပါမည်။

**ကရင်အမျိုးသား အပေါင်းတို့**

မိမိတို့ ကရင် အမျိုးသားများ ဖိနှိပ်မှု အမျိုးမျိုးမှ ကင်းဝေးပြီး လွတ်လပ်မှု အပြင် ခေတ်နှင့် လျော်ညီသည့် လူနေမှု အဆင့်အတန်း၊ အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများဖြင့် ဖွံ့ဖြိုးတိုးတက်သည့် လူမှုဘဝများကို ပိုင်ဆိုင်နိုင်ရန် မိမိတို့ အမျိုးသား ခေါင်းဆောင်များအပြင် မိမိတို့ အပါအဝင် ယနေ့ထက်ထိတိုင် နှစ်ပေါင်း (၇၀) ကျော်လာသည်အထိ ကြိုးပမ်းနေကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် မိမိတို့၏ ရည်မှန်းချက် ပန်းတိုင်များ ပြီးပြည့်စုံခြင်း မရှိသေးပေ။

မိမိတို့၏ အမျိုးသားရေး ကြိုးပမ်းမှုများအား ပြန်လည်သုံးသပ်ကြည့်သည့်အခါ အားနဲချက်များစွာကို တွေ့ရှိခဲ့ကြပါသည်။ သို့ရာတွင်၊ အကြီးမားဆုံးသော အားနည်းချက်သည် သင်းကွဲမှုများနှင့် စည်းလုံးညီညွတ်မှု အားနဲခြင်းပင်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ မိမိတို့ အနေဖြင့် အားလျှော့ခြင်း အလျှင်းမရှိပဲ ထိုမှုမက အားကောင်းပြီး ပိုမိုကောင်းမွန်သော စုစည်းမှုဖြင့် အချိန်အဟုန် မြှင့်တင်ပြီး ကြိုးစားအားထုတ်ကြရပါမည်။ လူမျိုးတိုင်းနှင့် ပြည်နယ်တိုင်း တန်းတူညီမျှသည့် အခွင့်အရေးများ ရရှိနိုင်ရန်နှင့် ထိုအခွင့်အရေးများကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် အတည့်အလင်း ပြဋ္ဌာန်းထားရန် မဆုတ်မနစ် ဆက်လက်ကြိုးပမ်းအားထုတ်ကြရပါမည်။ မိမိတို့၏ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်များ ပြီးပြည့်စုံစေရန်အတွက် မိမိတို့ ကရင့်အမျိုးသား အဖွဲ့အစည်းများ၊ ဘာသာရေး အစုအဖွဲ့များ အပြင် တော်လှန်ရေး အဖွဲ့အစည်းအားလုံး တခုတည်းသော ကရင့်အမျိုးသား အလံတော် အောက်တွင် တခုတသည်းသော ရည်မှန်းချက်ပန်းတိုင်ဖြင့် စည်းစည်းလုံးလုံးဖြင့် ကြိုးပမ်းအားထုတ်ကြရပါမည်။

ထို့အပြင်၊ ခေတ်စနစ်နှင့် နိုင်ငံရေး လိုအပ်ချက်များနှင့်အညီ စစ်အာဏာရှင် စနစ်အပြင် အာဏာရှင် စနစ် အလုံးစုံ ကျဆုံးရေးအတွက် ကြိုးပမ်းအားထုတ်နေကြသည့် လူမျိုးတိုင်း၊ အဖွဲ့အစည်းတိုင်း၊ အစုအဖွဲ့တိုင်းနှင့် လက်တွဲလုပ်ဆောင်ကြရပါမည်။ ပြောင်းလဲဖြစ်ပေါ်နေသော နိုင်ငံရေး နှင့်

ခေတ်စနစ်များ၏ လိုအပ်ချက်များအတိုင်း မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ် အကောင်အထည် ဖော်ဆောင်ကြရပါမည်။

**ကရင်အမျိုးသား အပေါင်းတို့**

မိမိတို့ ကရင့်အမျိုးသားများ၏ စည်းလုံးညီညွတ်မှုနှင့် အနာဂါတ် အားမာန်တက်ကြွစေရေး အတွက် အာဏာရှင်များ၏ မတော်မတရားမှု အမျိုးမျိုးနှင့် ရင်ဆိုင်နေကြရသော မိမိတို့ ကရင့်အမျိုးသားများ၊ ပြည်သူလူထု တရပ်လုံးအပြင်၊ မိမိတို့ ကရင့်အမျိုးသား တော်လှန်ရေးကို ဦးဆောင်နေကြသော ကရင့်အမျိုးသား ခေါင်းဆောင်များ၊ စစ်သည်တော်များ အနေဖြင့် အားမာန် အပြည့်ဖြင့် သတ္တိရှိရှိ ကြိုးပမ်းအားထုတ်ကြပါ။ တခုတည်းသော ကရင့်အမျိုးသား အလံတော် အောက်တွင် တခုတည်းသော ရည်မှန်းချက် ပန်းတိုင်ဖြင့် စည်းစည်းလုံးလုံးဖြင့် ကြိုးပမ်းအားထုတ်ကြပါ။ ရည်မှန်းချက် ပန်းတိုင်ပြီးပြည့်စုံသည်အထိ ကြိုးပမ်းအားထုတ် ကြပါ။ မိမိတို့ ကေန်မုချ အောင်မြင်ရပါမည်။

ကရင့် အမျိုးသားလုံးဆိုင်ရာ **ကရင့် နှစ်သစ်ကူးနေ့၊** နှစ်သစ်ကူး အခါသမယ နေ့သို့ ကြွရောက်လာသူအားလုံးအတွက် သတ္တိရှိရှိဖြင့် စည်းလုံးညီညွတ်ခြင်းနှင့် အောင်မြင်ခြင်းများကို ရယူနိုင်ကြပါစေ။ မိမိတို့ ကရင့်အမျိုးသားများနှင့် ပြည်သူလူထု တရပ်လုံး ဖိနှိပ်မှု အပေါင်းမှ ကင်းဝေးပြီး အာဏာရှင် အမျိုးမျိုး၏ ဖိနှိပ် အုပ်ချုပ်မှုများမှ လွတ်မြောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စောမူတူးစေးဖိုး**

**ဥက္ကဋ္ဌ**

**ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံး**

**ဗဟိုဌာနချုပ်**